# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၉၁ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )

## ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

## ( Bagan National Coordinating Committee – BAGANCOM ) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နိုင်ရန်အတွက် **" ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee – BAGANCOM) "** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) အမြဲတမ်းအတွင်းဝန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍ) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

(ဎ) ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ( Bagan National Coordinating Committee – BAGANCOM )၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပုဂံယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ဆုံးဖြတ်မှုတို့အား အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊

(ခ) ပုဂံအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုတွင် နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်တို့နှင့် လိုက်လျောညီထွေဖြစ်ရေး ဦးဆောင် လမ်းညွှန်မှုပေးရန်၊

(ဂ) ပုဂံယဉ်ကျေးမှုဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ် စေရန်၊ မပျောက်ပျက်အောင် ပူးပေါင်းထိန်းသိမ်းရန်၊ မှတ်တမ်းတင်ရန်နှင့် အနာဂတ် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံကိန်းကြီးများ၊ စီမံချက်များကြောင့် ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(င) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့်ပတ်သက်သည့် UNESCO နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များ၊ အကြံပြုချက်များအား ညှိနှိုင်းပူးပေါင်းစေ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) UNESCO က သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ"များ၊ လုပ်ငန်းစဉ်များ၊ စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများအား ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဌာနဆိုင်ရာများ နှင့် ဒေသခံများပူးပေါင်းပါဝင်၍ လိုက်နာဆောင်ရွက်စေရေး အကြံပေးကြီးကြပ်ရန်၊

(ဆ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ လူမှုအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ လူမှုစီးပွားအကျိုးအမြတ်များ ရရှိရေးအတွက်လည်းကောင်း သတင်းအချက်အလက်များဖလှယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ပုဂံယဉ်ကျေးမှုအမွေအနှစ်နေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ သိရှိလိုက်နာစေရန် ကြီးကြပ်မှုပေးခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောပို့ချခြင်း၊ ပူးပေါင်းပါဝင်အောင် လှုံ့ဆော်ခြင်းစသည်တို့ကို ဆောင်ရွက်ရန်၊

(ဈ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်အောင် အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊

(ည) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးတို့အတွက် ရန်ပုံငွေများစီမံခန့်ခွဲရန်၊

(ဋ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမိန့်၊ အဆောက်အအုံ ဆောက်လုပ်ရာ၌ လိုက်နာရမည့် သတ်မှတ်ချက်များဆိုင်ရာအမိန့်၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဖျက်ဆီးခြင်း ဆိုင်ရာအမိန့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သောဒေသအလိုက် စီမံခန့်ခွဲမှုကော်မတီများ၊ ပူးပေါင်းဆောင်ရွက်မှုကော်မတီများ၊ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄ – ၃ – ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀ / ၂၀၂၁ နှင့် ၂၀ – ၉ – ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆၅ / ၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး